
# ရှင်အရဟံပုတီးစိပ်နည်း

နှင့်



# ဦးရှင်ကြီးပင့်စာတမ်း

၇၈၄၈

သုဝဏ္ဏဘုမ္မိ သထုံပြည်မှ ပေါက္ကာရာမ ပုဂံပြည်သို့ ကြွရောက်ခြင်း
သာသနာပြုတော်မူသည့် ရှင်အရဟံ ရဟန္တာမြတ်
ဟောတော်မူအပ်သော

# ရှင်အရဟံ ပုတီးစိပ်နည်း

ရတနာသီရိ စာပုံနှိပ်တိုက်
၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ရတနာသီရိ- ၁၈

# မာတိကာ

၁။ ပုဂံ်းစိပ်နည်းနိုသျှည်း
၂။ သမ္ဗုဒ္ဓဂါထာတော်ကြီး
၃။ ဦးရှင်ကြီးဆွမ်းပင့်စာတမ်း။
၄။ မာရ်ရှေ့ကာပရိတ် ပါဠိ-နိသျ
၅။ မြင်းခွါရွက် သမိုင်း

ပရိတ်ရွတ်သောအခါ အသုံးသတိပြုရန်

၁။ ကိုယ်ဘယောက်အတွက် (မေ)ဟု ရွတ်ပါ။

၂။ မိမိနှင့်တကွ အများအတွက် (အမှာကံ)ဟု ရွတ်ပါ။

၃။ သူတပါးအဘွက် (တေ)ဟု ရွတ်ပါ။

၄။ သူတပါးများအတွက် (တုမှာကံ)ဟု ရွတ်ပါ။

မေ၊ အကျွန်ုပ်အား။ အမှာကံ၊ အကျွန်ုပ်တို့အား။ တေ၊ သင့်အား။ တုမှာကံ၊ သင်တို့အား။

သုဝဏ္ဏဘုံ မြို့သထုံသို့
ရဟန္တာသခင် ရှင်အရဟံ ကြွလာတော်မူစဉ်က
ချီးမြှင့်ပေးသနားတော်မူခဲ့သော
လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးရာနှင့်
ရှင်အရဟံ၏

## ပုတီးစိပ်နည်းနိဿည်း အဏ္ဏပ္ပဋ္ဌိစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဇစ်ကိုင်း မြို့တောင်ခြေ တနေ့သောချောင်၌ အမည်အားဖြင့် ကျော်ကြားကိုးသော ဆရာတော်တပါး တရားတော်အား ထုတ်တော်မူနေစဉ် တနေ့သောအခါ ညနေ ၅-နာရီခန့် အချိန်တွင် အသက်အရွယ် အားဖြင့် (၃၀) ရွယ်ရှိ ရုပ်ရေ ရူပကာယ တင့်တယ်သော မိန်းကလေးတဦးသည် ကျောင်း တိုက်သို့ ဝင်လာသည်ကို ဆရာတော်သည် အဝေးမှ တွေ့မြင် လေရာ ဝိသဘာဂ အာရုံဖြစ်၍ စကားမပြောလိုသဖြင့် ကျော ခိုင်း မျက်နှာလွှဲပြီးနေတော်မူ၏။ ထိုသူငယ်မလည်း ၄-မိနစ် ခန့်မျှနေပြီး ဦးချကန်တော့ပြန်သွားလေသည်၊ ထိုနည်းတူစွာ ၇-ရက်ခန့်မျှအချိန်မှန်စွာရောက်ရှိလာသဖြင့် ၇-ရက်မြောက်

## (၂) ရှင်အရဟံ ပုတီးစိပ်နည်း

နေ့၌ ဆရာတော်က အကြံဖြစ်သည်မှာ ဤသူငယ်မသည် အရေးကြီးသည့် တစုံတခုသော အကြောင်းကိစ္စ ရှိ၍သာ လာခြင်းဖြစ်ပေမည်ဟု သဘောပိုက်တော်မူပြီး လာရောက်ခြင်း အကြောင်းရင်းကို မေးမြန်းရာတွင် အရှင်ဘုရားကို ဖူးမျှော်လို၍ လာပါသည် ဘုရားဟု လျှောက်ထားပြီး ဆရာတော်ဘုရားသည် သက်တော် ဝါတော်များ ဘယ်လောက်ရှိပါပြီလဲ ဘုရားဟု လျှောက်ထားသော အခါ ဆရာတော်ဘုရားလည်း အသက် သိက္ခာများကို ပြန်ကြား အမိန့်ရှိပြီးနောက် ဒါယိကာမကလေး၏ အသက်ကို မေးမြန်းရာတွင် တပည့်တော်သည် သထုံပြည် မနူဟာမင်းကို ပေါက္ကရာဇာ အနော်ရထာမင်း သိမ်းယူသည့် နေ့ဟာ တပည့်တော်တို့ အိမ်ထောင်ကျတဲ့နေ့ပါဘဲဘုရားဟု လျှောက်ထားလေသည်၊ ထိုအခါ ဆရာတော်ဘုရားက သည်လိုဆိုလျှင် ဒါယိကာမလေး၏ အသက်သည် အတော်ကြီးပြီပေါ့ဟု မိန့်ကြားတော်မူ၍ ဘယ်လို ဆေးကောင်း ဝါးကောင်းများကို မှီဝဲရပါသလဲဟု အမိန့်ရှိသောအခါ ဆေးကောင်း ဝါးကောင်းရယ်လို့တော့ အထူး မမှီဝဲပါဘူး ဘုရား၊ သထုံပြည် နှင့် ပေါက္ကံပြည်ကို ရဟန္တာသခင် ရှင်အရဟံ ကြွလာစဉ်အခါက ချီးမြှင့်

ပေးသနားတော် မူခဲ့ဘဲ့ ပုတီးစိပ်ကိုဘဲ နေ့စဉ် ယုံကြည်စွာ စွဲမြဲပြီး စိတ်ထားပါဘဲ ဘုရားဟု လျှောက်ထားလေသည်၊ ထိုအခါ ဤပုတီးစိပ်ပုံ စိပ်နည်း နည်းကို ဆရာတော်အား လှူလို ရမည်လားဟု အမိန့်ရှိပြန်ရာ ဆရာတော် ဘုရားကို လှူလို၍လာရောက်သည်မှာ ဤနေ့ပါ ၇-ကြိမ် ရှိပါပြီ ဘုရားဟု လျှောက်ထားပြီးနောက် အောက်ပါ ပုတီးစိပ်နည်းကို လှူဒါန်းလေတော့၏။

## ပုတီးစိပ်နည်း နည်းကား

၁ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၅။ အနန္တံ ဗုဒ္ဓံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။

---

ပုတီးစိပ်နည်း နည်းအနက်ကို စာမျက်နှာ ၈ တွင် ကြည့်ပါ

## (၄) ရှင်အရဟံ ပုတီးစိပ်နည်း

ဤ ၅-ပုဒ်ဆုံးမ ပုတီးတလုံးချ၍ သက်စေ့အောင် ယုံကြည်စွာ နေ့စဉ်စွဲ၍ အမြဲစိပ်ပါက (၁) အသက်ရှည်ခြင်း၊ (၂) ဘုန်းတန်ခိုး အာနုဘော်ကြီးမြတ်ခြင်း၊ (၃) ကြက်သရေမင်္ဂလာ တိုးတက်ခြင်း၊ (၄) ကြံတိုင်းအောင်၍ ဆောင်တိုင်းပြီးမြောက်ခြင်း အစရှိသောလောကီအကျိုးတရားတို့နှင့်တကွ လောကုတ္တရာ အကျိုးထူး တို့ကို ရရှိနိုင်ပါ၍ ယုံကြည်စွာ စိပ်တော်မူပါဘုရား၊ ဘုရားတပည့်တော်၏ခင်ပွန်းသည်ပင်လျှင် မယုံ တယုံ စိပ်ပါမျှဖြင့် အသက် ၁၅၀-နေ့ပြီး သွားရပါသေးသည် ဘုရားဟု လျှောက်ထားပြီး အထက်ပါ ပုတီးစိပ်နည်းကို လှူဒါန်းလေ၏။

လှူဒါန်းပြီးသောအခါ ဆရာတော်က သင့် ဒါယိကာမလေးမှာ ယခုအခါ အဘယ်ပညာဖြင့် အသက်မွေးမြူပါသလဲဟု မိန့်ကြားပြန်ရာ တပည့်တော်မှာ ဆန်ကလေးများကို ရောင်းချပြီး အသက်မွေးပါသည် ဘုရားလို့ လျှောက်ထားလေလျှင် ဆရာတော်က တဖန် ဆန်တမျိုး ရောင်းရုံနှင့် အလုံးစုံပြည့်စုံပါရဲ့လားဟုမိန့်ကြားပြန်ရာ ဆန်ဟာ ရွှေဦးဘကြိမ်ပင် ဝယ်ယူရပါသည် ဘုရား၊ ဆန်လဲ လျော့သွားခြင်း မရှိသည့်ပြင် ဆန်ဝယ်သူတို့ကလဲ ဆန်ကိုးသက်မကာ တိုး၍ပေး

သွားကြပါသည် ဘုရားဟု လျှောက်ထားပြီးလျှင် ဦးချ၍ ပြန်သွားလေတော့၏။

ထို့ကြောင့် ဤပုတီးစိပ်ကို ယုံကြည်စွာ စိပ်ကြပါလျှင် (၁) ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ် စီးဖြန်းသည် မည်ခြင်း၊ (၂) သရဏဂုံ သုံးပါးနှင့် အရဟံဂုဏ်များကို ပွားများအားထုတ်သည် မည်ခြင်း။ (၃) နာမ်ရုပ်နှစ်ပါးကိုသိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါး ဝိပဿနာ တရားများကို ပွားသည် မည်သောကြောင့် ကပ်ဆိုး ဘေးဆိုးတို့နှင့် ရင်ဆိုင်တွေ့နေသောခေတ်ဖြစ်၍ ကြီးသည် ငယ်သည်ဟု သဘောမထားကြဘဲ ဘုရားဘက်က အသက်ရှည်၊ တရားဘက်က အမျက်ပြေ၊ သံဃာဘက်က အခက်ဝေ ဆိုသည့်အတိုင်း နိဗ္ဗာန်ကိုရည်ရွယ် စိတ်ထား နှလုံးပွား၍ အမြဲ စိပ်ကြပေတော့ အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့။

မှတ်ချက်။ ။သက်စေ့ စိပ်ရမည်ဟုဆိုရာ၌ ပုတီးပတ်ရေ မဟုတ်၊ လုံးရေသက်စေ့ဖြစ်ပေသည်၊ ဥပမာ (၁၅)နှစ်ရှိသူ တဦးသည် ပုတီးလုံးရေ (၁၅) လုံး၊ အခေါက် အားဖြင့်

(၁၅)ခေါက် စိပ်ရပေ၏၊ သို့သော် အသက်ထက် အခေါက်ပိုပြီးစိပ်လျှင်သာ၍သင့်လျော်လေသည်။ကြိုးစား၍ ယုံကြည်စွာစိပ်ကြလေကုန်။

သာသနာတော် ၂၄၉၇ ၊မြန်မာ ကောဇာ ၁၃၁၆-ခုကဆုန်လပြည့်နေ့၌ စတင်၍ ကျင်းပသော (ဆဋ္ဌသံဂါယနာ) ပဋ္ဌမသန္နိပါတမှ ပြန်ကြွလာသော ဆရာတော် တပါးထံမှ ရရှိသော မူရင်းအတိုင်းဖြစ်လေသည်။

[ဤကား အမှာစကားတည်း]

## သရဏဂုံနှင့် လက္ခဏာရေး ၃-ပါး
## အကျိုးကြီးမားပုံ

၇-နှစ်၊ ၇-လ၊ ၇-ရက် ပတ်လုံး ဇမ္ဗူဒီပါ တကျွန်းလုံး ဘိတ်၍ လှူဒါန်းသော (ဝေလာမ) ပုဏ္ဏား၏ အလှူထက် သောတာပန် ၁-ယောက်အား ၁-နပ်စာအလှူသည် အကျိုးကြီး၏။

သောတာပန် ၁၀၀-အား လှူဒါန်းရသည်ထက် သကဒါဂါမ် ၁-ယောက်အား....

သကဒါဂါမ် ၁၀၀–အား လှူဒါန်း ရသည်ထက် အနာဂါမ် တယောက်အား....

အနာဂါမ် ၁၀၀–အား လှူဒါန်းရသည်ထက် ရဟန္တာ ၁–ပါးအား....

ရဟန္တာ ၁၀၀–အား လှူဒါန်းရသည်ထက် ပစ္စေကဗုဒ္ဓါ ၁–ပါးအား....

ပစ္စေကဗုဒ္ဓါ ၁၀၁–အား လှူဒါန်းရသည်ထက် ဘုရား ၁–ဆူအား....

ဘုရား ၁–ဆူအား လှူဒါန်းရသည်ထက် ဘုရားအမှူး ရှိသော သံဃာတော်တို့အား....

ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းရသည်ထက် (စတုဒိသာ သံဃိကကျောင်း) ၁–ဆောင်ကို ဆောက်လုပ်လှူဒါန်းရခြင်းသည် အကျိုးကြီး၏။

စတုဒိသာသံဃိကကျောင်းအလှူထက် သရဏဂုံ ၃–ပါး ကိုဆောက်တည်ရခြင်းသည် အကျိုးကြီး၏။

သရဏဂုံ ၃–ပါး ဆောက်တည်ရခြင်းထက် သရဏဂုံနှင့် ၅–ပါးသီလကို ဆောက်တည် ရခြင်းသည် အကျိုးကြီး၏။

သရဏဂုံနှင့် ၅-ပါးသီလ ဆောက်တည်ရခြင်းထက် (နွားနို့ တညှစ်ခန့် ကာလမျှ) မေတ္တာတရားကို ပွားများရခြင်းသည်အကျိုးကြီး၏။

မေတ္တာ တရားကို ပွားများရခြင်းထက် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ဟု...လက္ခဏာရေး ၃-ပါးကို ပွားများရခြင်းသည် အကျိုးကြီးမြတ်လှ၏။

(ဝေလာမသုတ် ပါဠိတော်)

---

## ရှင်အရဟံ၏ ပုတီးစိပ်နည်း နိသျည်း အနက်ကား

၁။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၂။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၃။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၄။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ နာမရူပံ၊ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၅။ ဗလဝံ၊ အားတော်နှင့် ပြည့်စုံသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ ဂေါစရံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော။ ဓမ္မံ၊ တရားတော်မြတ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း၊ အရိယံ၊ အရိယာဖြစ်သော။ သံဃံ၊ သံဃာတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ ဗောဓိမုတ္တာ၊ မြတ်သောဗောဓိပက္ခိယ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။

အနက်ပြီး၏။

## သတိပေး သံဝေဂ ပိုဒ်စုံ

ပုလဲသန္တာ၊ နီလာဝေါမုတ်၊ ဥဿဖယား၊ ပြောင်ယိုးယားနှင့်၊ ရွှေသား, ငွေသား၊ ပတ္တမြား ကျောက်စိမ်း၊ ရွှေပန်းတိမ်တို့၊ ဝင်းထိန် လျှပ်သွယ်၊ စွမ်းကုန်ခြယ်သည့်၊ တင့်တယ်လှဆုံး၊ ရွှေပန်းကုံးသက်၊ တွက်ကျုံး ထောင်ရာ၊ မကာသာသည့်၊ ရတနာသုံး၊ မြတ်ပန်းကုံးကို၊ ရှင်ပြုံးကြည်သာ၊ ပန်ဆင်ရာသည်။ ။သန္တာပုလဲ မကတည်း။

ငရဲဌာန်မှာ၊ ဝေဒနာ ဘား၊ ထက်စွာလုံမ၊ လည်ရင်ဝကို၊ ထိုးဆွနက်နက်၊ အချက်ဘာရာ၊ မွန်းတည့်မှာသည်း၊တရားချက်မှန်၊ နေဝင်ပြန်သော်၊အဘန်တရာ၊ ခံရတာနှင့်၊နိရယာဒုက္ခ၊ နှိုင်စံမျှသော်၊ မပြလောက်သေး၊ ခဲငယ်လေးနှင့်၊ နှိုင်းရေး ဟိမဝန္တာ၊ဥပမာသည်။ ။ဌာန်မှာ ငရဲအရတည်း။

မမြဲခန္ဓာ၊ တို့သူငါကား၊ ပမာရေမြှုပ်၊ ဖြစ်တည်ချုပ်ပျက်၊လျင်ခုပ်နာမ်ထွက်၊လျှပ်တပျက်တွင်၊ ပျက်ကုရွှေပေါ်၊ တသိန်းကျော်တည်း၊ အဟော်အစ္စရိ၊ အုံ့ဘွယ်ရှိစွ၊ လောကီဘဝ၊ သခ်ါရကား၊ နိစ္စမဘက်၊ သက်သက်ဒုက္ခ၊ စိုးမရချ၊ သာရကင်းကွာ၊ အနတ္တာသည်။ ။ခန္ဓာမမြဲ ဘဝတည်း။

## သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ဤသမ္ဗုဒ္ဓေ ဂါထာတော်ကြီးကို ရွတ်ဘတ်သဖြင့် လောကီ လောကုတ် ကိုယ်တွေ့ဒိဋ္ဌ အကျိုးရသည့် ရှေးသူတော်ကောင်းတို့သည် အောက်ပါလင်္ကာကို ရေးသားထားခဲ့ကြလေသည်။

## သမ္ဗုဒ္ဓေအကျိုးများ

သမ္ဗုဒ္ဓေဟု ဘုရားကျော်ကြား နိဒါန်းသွားကို များသိစေလို လင်္ကာချီလျက် ပွင့်ဆိုတုံငြား နာမှတ်သားလော့....
ကမ္ဘာစားသဘက် ခေါင်းလျှော်ဒသ ဘုဥကြိန်း ဆိ လိမ်းပဉ္စ ဝနမဈ္ဈေ သွားလာခလသော် ရွတ်ပေသောဌ် စီးထခလုမှာ ရှစ်ကြိမ်သာဘည့် နှုံသာပန်းမျိုး ကိုးကြိမ်

# (၁၂) ရှင်အရဟံ ပုတီးစိပ်နည်း

နှိုးလေ့ ချုပ်မိုးညဦးခါ အိပ်ယာဝင်မှု ကိုးကြိမ်ဟူသား
ရှိန်းသူတွေ့မြောက် တဆယ့်ခြောက်တည့် စဉ်ရောက်သောခါ
ရွတ်ပါ၊ ကိုးကြိမ် စိတ်မှိမ်သန္ဓေ မဖွားသေမူ ရေကို ကိုး
ခေါက် မိန်းဦး သောက်က ဖွားမြောက်တော ချမ်းသာရ၏၊
မိဘတပြင် ဆုတောင်းသည်း ကြီးအကဲထ် ခိုင်မြန်မှု အကြံ
ပြည့်မြောက် အဲ ခြောက်တည့် ပေးရောက်ယာယီ ခရီး
ရှည်သော် မြဲသူတော့ ပန်းညွှန့်ယူ၍ ရွေးတုသတ္တ ရွတ်ပြီး
မှလျှင် သီးဦးနိုက် နေ့ကာစိုက်တော့ ကိုယ်ဦးထွလာ
သေဘနာသော် နွားကို ခေါက် ရေမနိုးသောက်လော့ ကပ်
ရောက်ရေ အမြဲနှင့်စသည့် တရွပ်ကွာ ဝေမာန်များ
ပူးကပ်ဘဲသော် ဦးဖျားထိပ်ဘိ ခွဲကဘလှန်၍ ဉာဏ်ကိုး
ခေါက် နွှတ်ခြောက်က ကင်းပျောက် ပယောဂ ထွက်ပြေး
ရပျောက် ဘွဲ့သန္ဓေ ဘယ်ရှင်းလင်း ဥပါဒ်ကင်းလိမ့်၊
ပျော်တပန် ဂါထာ၏ အနန္တမျိုး သူ့ဟန်ခိုးက
နှောင်မျိုးဟူသတတ် ယိပ်ခပ်ကြိုးချည် စသည်မယှင်း အ
ကျဉ်းတွင်ကျ ထိုကာလ၌ သဟာဿပြည့် ဥုံကိုထည့်၍
ရွတ်သည့်ခဏ လွတ်မြောက်ရသည့်၊ ထိုမှတထွေ သမ္ဗုဒ္ဓေ
ကား မသေ့မပျက် အရှည်ဆက်၍ အသက်အစေ့ ရွတ်ခ

လေ့ဖြင့် ညဥ့်နေ့မှန်လျှက် ဝတ်မပျက်က တိုးတက်စီးပွား ကင်းငြားအန္တရာယ် လူဝယ်ထင်ရှား လျှိုသုံးပါးလည်း ငြိုးငြားခေါင်ထိ မပဟိဒ္ဓိဖြင့် ဣဋ္ဌိတမျိုး မသိုးပန်းသွင် လန်းလန်းရွှင်သည် ဤလျှင် သမ္ဘုဒ္ဓေအကျိုးတည်း။

---

## ရေငန်ပိုင် ဦးရှင်ကြီး
## ဆွမ်းတင်ရန် ပင့်သောစာတမ်း
## ပဌမ အုန်းရေနှင့် ပင့်ရန်

ပုလဲငွေမြို့ သဲရေငယ်စို့ပါတဲ့ ပဲရွှေမြို့အပိုင် အောက်ခရိုင် ကျောက်တိုင်သည်ဘက် သွေ့မဟုင်းဘိ ရွှေသင်း တပည့်တို့နှင့် ရေကင်းအထိ ပိုင်တော်မူပေသော နတ်ဦးရှင်ခင်ဗျား....

မြူးရွှင်ဒြဗ် မသွေ့ဖြာသည့် ဦးရှင်နတ်ဒေဝရာဟု မေခလာ ကျောက်တိုင်မှတ်ပြီး အောက်ခရိုင်ရပ် ဗွေမလျှိုင်ကို အခြေခံပိုင်ပိုင် အထူးပင်အပ်ခဲ့ရ ရေငန်ပိုင် ဦးရှင်နတ်ဟု အထူးသခတ်မြတ် သတင်းဖြာခဲ့ရ ကဇင်းရွာ ယင်းဌာနဆီက

## (၁၄) ရေငန်ပိုင် ဦးရှင်ကြီးပင့်ရန်

မယှင်းမက္ကာသပ အလှန့်မြှော်ကိုးလို့မို့ ကျွန်တော်မျိုးတို့ ရပ်ဂါမာသို့ နတ်ရာဇာကိုယ်တော်ကြွခဲ့ပ လိုသော်တခဏ် အမှန်းတင်လို့မို့ ကွန်းစင်မြဲ ကျောင်းဝိဟာ ပေါင်းတ ပည့်မကွာ ခြွေရံဘာသင်းငယ်နှင့် ရေငန်မင်း တကျွန်းအပိုင် ကွန်းအဆိုင် ဆွမ်းထိုင်လို့ သုံးပါတော့ ဘုန်းရှိတဲ့ နတ်ရာဇာ ကြွလာဘော်မူလှဲ့ပ နတ်ဦးရှင်ခင်ဗျာ....

## ပွဲပြင်ပြီး၍ ပင့်ရန်

ဧပ္ပမာက္ကလာ ပြေမြန်မာနှင့် ဟသာခေါ်လှိုင်း မွန်တိုင်း သုံးရပ် ဒီရေငန်စွာ့ ရာမညနှင့် မုတ္တမ ဓော်သမြိုင် တားဝယ် ရေးမြိတ် ရွာနိမိတ် ကလပ်ထိပ်မော်တင် ပင်လယ်ကျောက်ဖြူ ဇမ္ဗူမာဘိမ် ပုသိမ်-မြောင်းမြ ရန်ကုန် ပဲခိုး မြို့ရိုး မြို့တာ ဥက္ကလာပ နဂရ-ကျေညာ ဧရာဝတီ နဒီဖြတ်သန်း ရေကင်း အထိ ကျောက်တိုင်မှန်းပြီးအောက်ခရိုင်တဝှမ်း ရေကြောင်း ဆိုင်သည့် ရွှေကျောင်းပိုင် ကျွန်းညိုလှဘိသို့ ဆွမ်းချိုမြ လှူကာဆက်ပါပေါ့ ထန်းလျက်ကောက်ညှင်း သန့်ရှင်းစင် စွာ အုန်း-ငှက်ပျောသွင်းပြီးလျှင် မဟောင်းတဖြာ ကွမ်းယာ

လဘက်တို့နှင့် ကောင်းမွန်စွာ တင်ချီ၍ ဆက်ခဲ့ပ ကျောင်းဘုံပေါ် လှမ်းတက်၍ ယွန်းစကြာ ဖြန့်မြန်းပြီး ကြွလှမ်းတော်မူပါ ဗဒေါသခင် နတ်ဦးရှင် ခင်ဗျား။

## ဆွမ်းကပ်ရန်

တောင်ဇမ္ဗူဘွေ့ အောင်မြူခွေ့သည် သပြေပြောင်နွှန်းနေရောင် တွန်းပေသည့် ကျွန်းဒက္ခိဏ သာယာလှသားစိမ်းမြ-ဒီသာ တောင်မျက်နှာဝယ် မဟာသမုဒ္ဒရ ပင်လယ်ဝဠ်မိန့်းမှလှ-ခေါ်ဆို မြတ်ကျွန်းညိုတွင် လူဗိုလ်အပေါင်းခ,ဝပ်ညောင်းရသော ရွှေဓာင်းတော်သခင် မပြတ်တန့်ခွင်းဖြဗ်ဖြိုးပေသည့် နတ်မျိုးရှင်ဟု အစဉ်ရှေးက ရာမညတိုင်းမွန်တလိုင်းတို့ ညွတ်ကိုင်းပ,ဒါ ပူဇော်ကြသဖြင့် တွင်းဘားဒဏ် ခပ်သိမ်းရန်ကို အမှန် ကင်းပျောက် ဆောင့်ရှောက်တတ်စွာ ကြီးတေဇာဖြင့် အာဏာ တန်ခိုး ဒီခရောက်ရာ မြန့်နှဂရာတွင် မှန်စွာစိုးလျက် ရှေးရိုးအစဉ်သက်သာတ်မသုံး မြတ်နှလုံး-ဓပြလုံးတင်၍ အောက်ခွင်ခရိုင်မိန်းမလှခေါ်ညွှန်း စံတော်ကွန်းက ကျွန်းညိုပိုင်ခင်ဗျား။

(၂) ကာတိယ အကြိမ်

## (၁၆) ရေငန်ပိုင် ဦးရှင်ကြီးပင့်ရန်

ဆွေးကြိုင်ပျံ့သင်း ရသာအမြွတ် ဖြူစင်လတ်သည့် နံ့သာ ကောက်ညှင်းဖြင့် သန့်ရှင်းသေချာ အနှံ့-ငှက်ပျောဘွဲ့ ကန်တော့ပွဲနှင့် နွဲ့ဆင်ကာဖြင့် ဖူးကာပေါက်ပေါက် လာဘက် မွှေးဆားမသိ ဆိမ့်နှောက်ဘဲ မောက်မောက်စုပုံ ရိုးရွက် မြညာ ကွမ်းနုဝါ ယာတော်အစုံတို့ဖြင့် မွှေးထုံပျံ့သင်း ခေါ်နံ့သဇင် ပန်းတော်ဝင်တို့ စီရင်ခင်းလျက် လျှံဝင်းဆီမီး ထိန်ထိန်နှင့်ယှဉ် ညီးပါပေါ့ အခိုးအငွေ့ ဂန္ဓာရုံတို့ဖြင့် စုံလင်ပြီးသော ကျောင်းကြီးဝိဟာ နိမ့်မြင့်မယွင်း ပွဲစုံကျင်း၍ သန့်ရှင်းစွာဖြင့် ကျွန်တော်မျိုး အိမ်သားတစုတို့က မြှောက်တင်၍ ပ,သ ပါသည် ကျွန်းညီမြွတ် အတိမဟာဝနေက တပည့်သဟာယ အပေါင်းအပေါ် တစုတို့ဖြင့် ဆောင်း ဒကော်ရတနာမကွာ လက်တော်စွဲပြီးသော့ ငကျွာဆက်ပွဲ ဒြုင်ကျေညာ မပြတ်စေတနာ သဒ္ဓါစိတ်သွင်းပြီး ကလျာ မိဘ်အရှင်တို့က ပင့်ဘိတ်ပါသည် ကန်တော့ခံ မှန်ပါ၍ လှမ်းကြွပြီး တင်ဆွမ်း ယမကာကို ရှင်လန်းစွာ ဘုဉ်းပေး သုံးဆောင်တော်မူပါ၊ ကျွန်းညီပိုင်ခင်ဗျား။

## ဆုတောင်း

ပင်လယ်သီဝေါင်၊ ကျွန်းညိုတောင်တွင်၊ ဂုဏ်ရောင်လျှံညီး၊ မပြတ်အစဉ်၊ဒြပ်ရှင်ပေသည့်၊ နတ်အရှင်ကြီး ခင်ဗျား.... မြှောက်ချီး ပ,သ၊ ဆွမ်းမြတ်တော်ဇဉ်၊ နတ်ကွမ်းစင်ကို၊ ပူပြင်၍ ပ,သပါသည်။ ဘယအန္တရာယ်၊ နတ်ဘေးခိုးဖြင့်၊ ဘေးမျိုးဖယ်–ရေဝယ် ကြာသို့ လန်းပါစေ။ မကောင်း အိပ်မက်၊ မကောင်းငှက်နှင့်၊ ဖုတ်–ပြိတ်–တစ္ဆေ၊ ကျား,မြွေ မိကျောင်း၊ မကောင်းဥပါဒါန်၊ နတ်တိုက်ရန်ဘေး၊ ဆိုးအလေးကို ကင်းဝေးစေဘွယ်၊ ဘုရားဂုဏ်ပေါင်း၊ အရှင့်မျက်စောင်းနှင့်၊ မကောင်းသမျှဖယ်၊ လ,နှုယ်ချမ်းမြအေးပါစေ။ မြှောက်ပါးကိုးဆယ်၊ အန္တရာယ်ကို၊ ပယ်နိုင်သမျှ သကြားလက်နက်၊နတ်တို့စက်နှင့်၊ဖျက်ကာချသကဲ့သို့၊ တွင်းပမှန်စွာ၊ ပယောဂလည်း၊ကင်းရှင်းကွာလိမ့်၊ ထိုအတိတ်နှင့်၊ ကိုယ်စိတ်ချမ်းသာပါစေသောဝ်။ မျက်နှာမြင်က၊ ချစ်ခင်စေလျက်၊ နှုတ်မြွက်စကား၊ အသံကြားက–သနားပါစေ၊ မေတ္တာဝေ၍၊ ရွှေငွေဘောဂ၊ ပေါပြည့်ဝအောင်၊ စောင်မ,ကြည့်ရှုတော်မူပါစေ။ ဆောင်းပန်း,ဝယ်ပန်း, ပေါကြွယ်များစွာ၊ လာဘ်မိုး

ရွှာလျက်၊ ကြွင်နှာမဆိုင်း၊ လူမြင်တိုင်းက၊ မှိုင်းမစေတနာ ထားပါစေသောဝ်၊ သို့ပင်အကြောင်း ဆုပ္ပတ္တနာနှင့်၊ လိုရာသို့ ဆောင်းရပါသည်၊ ရွှေစောင်းဘော်သခင် ရောက်ရာတရိုး ပိုင်ဆိုင်စိုးပါတဲ့ နတ်မျိုးအရှင် လျှင်လျှင် မ္ဘတော်မူလိုက်ပါ့ ကျွန်းညိုပိုင်သခင်– နတ်ဦးရှင်ခင်ဗျား။

## ပြန်ပို့

ခရိုင်မြန်မာ၊ နိုင်ငံမဟာဘယ်၊ စံရာသာဘိ၊ ကွမ်းခိုခရိုး၊ ကျွန်းညိုကြီးဟု၊ကမ္ဗည်းအမည်၊ကြီးသည်သခင်၊တေဇာဘုန်း ကွန်း၊ ပြေရွှာလုံးရှိရသည့် ကျွန်းအရှင်ခင်ဗျား။ ကျွန်းအရှင် ဆွမ်းတင်လို့ပြီးပါပေါ့၊ ကျွန်းညိုကြီး ဒီပါဘွေကို၊စိပရုံဝေဝေ ရွှေသက်နိုးရယ်နှင့် နေအဝင် ရွှေကြည်သာသည့်လမ်းကို၊ နတ်နန်းပျော် စောင်းတော်မပြီး၊ ကျောင်းတော်က– ကြွ တော်မူပါ့ ဒေဝသခင် နတ်ဦးရှင်ခင်ဗျား။

## သတိပြုရန်

ဦးရှင်ကြီး ဆွမ်းကပ်သောအခါ အိမ်တွင်းတပ်ပွဲပြင်ပြီး ကပ်၊အထူး လာဘ်သပ္ပကာ ပေါများနိုင်ပါသည်။ ဖရောင်း တိုင်နှင့် မီးမပါရန် အထူးသတိပြုပါ။

# ဝေရဉာပရိတ်ပါဠိတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ(မေ)ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာ နုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၇။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ ဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနော ဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရ ဘယ ဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ တဿ ကာယေ ဝိသံ နကမေယျ ဥဒကေန လဂ္ဂေယျ အဂ္ဂိ နဍဟေယျ နာနာဘယ ဝိဓေကာ နံ ဧကာဟာရကော န ဒွိဟာရကော န တိဟာရကော န စတုဟာရကော နဥမ္မတ္တကံ နမုစ္ဆကံ မနုဿေဟိ အမနုဿေဟိ နဟိံသကာ။

၈။ တံ ဓာရဏပရိတ္တံ ယာထာ ကတမေ ဇာလော မဟာဇာလော ဇာလိတ္တေ မဟာဇာလိတ္တေ ပုဂ္ဂေ မဟာပုဂ္ဂေ သမ္ဗတ္တေ မဟာသမ္ဗတ္တေ ဘူတင်္ဂမ္ဘိ တမင်္ဂလံ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တ သတ္တေဟိ သမ္မာသမ္ဗုဒ္ဓ ကောဋီဟိ ဘာသိတံ ဝတ္တေ အဝတ္တေ ဂန္ဓဝေ အဂန္ဓဝေ နောမေ အနောမေ သေဝေ အသေဝေ ကာယေ အကာယေ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ တိလ္လိ မိလ္လိ ယောရုက္ခေ မဟာယောရုက္ခေ ဘူတင်္ဂမ္ဘိ တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏ ပရိတ္တံ နဝ နဝုတိယာ သမ္မာသမ္ဗုဒ္ဓ ကောဋီဟိ ဘာသိတံ၊ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ယောဂိလာ ခရလာ ဒုဗ္ဘိလာ ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိ(မေ)ဟောတု သဗ္ဗဒါ။

[illegible]

# ဓာရဏပရိတ်မြန်မာပြန်

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတာယ၊ အသက်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပျက်စီးအောင် ပြုလုပ်ခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်၊ တထာ၊ ထို့အတူ။ မေ၊ ကျွန်ုပ်အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အတီတံသေ၊ လွန်ခဲ့ပြီးသော အတိတ်ကာလအဘို့၌။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီး အတားမရှိ သိတော်မူ၏။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အနာဂတံသေ၊ နောက်လာလတ္တံ့သော အနာဂတ်ကာလအဘို့၌။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီးအတားမရှိ သိတော်မူ၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ ပစ္စုပ္ပန္နံသေ၊ ယခုမျက်မှောက် ဖြစ်သော ပစ္စုပ္ပန်ကာလ

အဘို့၌။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီးအတားမရှိ သိတော်မူ၏။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ၊ ဤသုံးပါးသော ကျေးဇူးတော်ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာ ရှေ့သွားရှိတော်မူ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ပြုတော်မူ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြောအပ်သော စကားတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာ ရှေ့သွားရှိတော်မူ၏၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ပြောတော်မူ၏။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ စိတ်ဖြင့်ကြံစည်အပ်သော အကြံအစည်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာ ရှေ့သွား ရှိတော်မူ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ ကြံစည်တော်မူ၏။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤခြောက်ပါးသော ကျေးဇူးတော် ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။

ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဆန္ဒဿ၊ ကောင်းမြတ်သော အလိုဆန္ဒတော်၏၊ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဓမ္မဒေသနာယ၊ တရားဟောတော်မူခြင်း၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဝီရိယဿ၊ အားထုတ်တော်မူသော လုံ့လဝီရိယတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဝိပဿနာယ၊ အထူးသိမြင်တော်မူသော ဝိပဿနာဉာဏ်တော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ သမာဓိဿ၊ တည်ကြည်သော သမာဓိတော်၏၊ ဟာနိ၊ ယုတ်လျော့ခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ။ ဝိမုတ္တိယာ၊ ဆင်းရဲအမျိုးမျိုးမှ လွတ်ရာ ငြိမ်အေးသော နိဗ္ဗာန်ကိုသာ အရဟတ္တဖိုလ်ဉာဏ်ဖြင့် အာရုံပြုကာ ချမ်းသာစွာ ဖလသမာပတ်ဝင်စားတော်မူခြင်း၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ၊ ဤဆယ့်နှစ်ပါးသော ကျေးဇူးတော် ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒဝါ၊ ပျော်မွေး

ကစားလို၍ ပြုလုပ်ပြောဆိုခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ရာဂါ၊ သတိလွှတ်၍ ချွတ်ချော် ပြုလုပ်ပြောဆိုခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ အဖုဋ္ဌ၊ ဉာဏ်ဖြင့် မသိ၍ ကျန်ခဲ့သောတရားတော်သည်။ နတ္ထိ၊ ရှိတော်မမူ၊ ဝေဂါယိတတ္တံ၊ မဆင်မခြင် လျင်မြန်စွာ ပြုလုပ် ပြောဆိုမှုသည်။ နတ္ထိ၊ ရှိတော်မမူ၊ ဗျာဝဋမနော၊ သတ္တဝါများ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ နှောင့်နှေး တွန့်ဆိုသောစိတ်နှလုံးတော်သည်။ နတ္ထိ၊ ရှိတော်မမူ၊ အပ္ပဋိသင်္ခါ၊ ရှေးပကတိ၊ ဉာဏ်တော်ဖြင့် မဆင်ခြင်မဆင်ခြင်ဘဲ လျစ်လျူရှုခြင်းမည်သည်၊ နတ္ထိ၊ ရှိတော်မမူ၊

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤတဆယ့်ရှစ်ပါးသော ကျေးဇူးတော် ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား၊ နမော၊ စိတ်ညွတ်ရှိကျိုးရှိခိုးပါ၏၊ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ မဖေါက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်တရားတို့ကို သိတော်မူကုန်သော ရှင်တော်မြတ်ဘုရားတို့အား။ နမော၊ စိတ်ညွတ်ရှိကျိုး ရှိခိုးပါ၏၊

၆။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့် ပြုလုပ်အပ်သော မကောင်းမှုသည်။ နတ္ထိ၊ ရှိတော်မမူ။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့်ပြောဆိုအပ်သော မကောင်းမှုသည်။ နတ္ထိ၊ ရှိတော်မမူ။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား။ မနောဒုစ္စရိတံ၊ စိတ်ဖြင့်ကြံစည်အပ်သော မကောင်းမှုသည်၊ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ။ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်ကို။ အတီတံသေ၊ လွန်ခဲ့ပြီးသော အတိတ်ကာလအဘို့၌။ ပဋိဟတံ၊ မသိအောင် ပိတ်ပင် ဆီးတားခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်ကို။ အနာဂတံသေ၊ နောင်လာလတ္တံ့သော အနာဂတ်ကာလအဘို့၌။ ပဋိဟတံ၊ မသိအောင် ပိတ်ပင် ဆီးတားခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ ဉာဏံ၊

ဉာဏ်တော်ကို။ ပစ္စုပ္ပန္နံသေ၊ ယခုမျက်မှောက်ဖြစ်သော ပစ္စုပ္ပန်
ကာလအဘို့၌၊ ပဋိဃာတံ၊ မသိအောင် ပိတ်ပင် ဆီးတားခြင်း
သည်။ နတ္ထိ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်
ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သဗ္ဗံ၊
အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။
နဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ရှေ့သွား မရှိခြင်းသည်။ ဉာဏံ
နာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ မပြုလုပ်
ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်
ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား
၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြောဆိုအပ်သော
စကားတော်သည်။ နဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်ရှေ့သွားမရှိ
ခြင်းသည်။ ဉာဏံနာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်
လိုက်၍ မပြောဆိုခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊
ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊
မြတ်စွာဘုရား၏၊ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ စိတ်
ဖြင့် ကြံစည်အပ်သော အကြံအစည်သည်။ နဉာဏပုဗ္ဗင်္ဂမံ၊
ဉာဏ်တော်ရှေ့သွား၍ မရှိခြင်းသည်။ ဉာဏံ နာနုပရိဝတ္တံ၊

ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ မကြံစည်ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။

ဣမံ ဓာရဏံ၊ ဤဓါရဏာပရိတ်တော်သည်။ အမိတ်၊မနိုင်းယှဉ်အပ်။အသမံ၊ တူမျှခြင်းသည်းမရှိ။ သဗ္ဗသတ္တာနံ၊သတ္တဝါအားလုံးတို့၏။ တာဏံ၊ အားကိုးပါလျှင် ဆင်းရဲဟူသမျှမရောက်ရအောင်ပုန်းအောင်းစရာလည်းဖြစ်၏။သံသာရဘယဘီတာနံ၊ သံသရာဘေးကို ကြောက်ကုန်သောသူတို့၏။ အဂ္ဂံ၊ အားထားစရာတွင်အမြတ်ဆုံးဖြစ်၏။ မဟာတေဇံ၊အားထားသလောက် စောင့်ရှောက်နိုင်သော တန်ခိုးတေဇော် အာနုဘော်ကြီး၏။

၇။ အာနန္ဒ၊ချစ်သား အာနန္ဒာ။ ဣမံဓာရဏ ပရိတ္တံ၊ ဤဓါရဏာ ပရိတ်တော်ကို။ဓာရေဟိ၊နှုတ်ရ ဆောင်ထားလေလော့၊ ဝါရေဟိ၊ ရွတ်ဘတ်နေလော့။ ပရိပုစ္ဆာဟိ၊ သင့်စိတ်ထည်းတွင်မရှင်းပါက မေးမြန်းလေလော့။ တဿ၊ ထိုသူ၏။ ကာယေ၊ကိုယ်၌။ဝိသံဝသေန။အဆိပ်တက်သဖြင့်။နကမေယျ၊မသေနိုင်။ ဥဒကေ၊ ရေထဲ၌။ နလဂ္ဂေယျ၊ နစ်၍မသေနိုင်။ အဂ္ဂိ၊မီးသည်။ နဍဟေယျ၊ လောင်၍မသေနိုင်။နာနာဘယဝိကော၊ ဘေးအမျိုးမျိုးမှ လွတ်နိုင်၏။ နကောဘာရကော၊

မည်သူ့ကမှ တရက်လုံးလုံးမကောင်းကြံသော်လည်း မအောင်မြင်နိုင်။ နဒွိဟာရကော၊ နှစ်ရက်ဆက်၍ မကောင်းကြံသော်လည်း မအောင်မြင်နိုင်။ နတိဟာရကော။ သုံးရက်ဆက်၍ မကောင်းကြံသော်လည်းမအောင်မြင်နိုင်။ နစတုဟာရကော၊ လေးရက်ဆက်၍ မကောင်းကြံသော်လည်း မအောင်မြင်နိုင်။ နဥမ္မတ္တကံ၊ ရူးသွပ်သော ရောဂါလည်း မဖြစ်နိုင်။ နမုဋ္ဌကံ၊ တွေဝေထိုင်မှိုင်း၍လည်းမနေ။ မနုဿေဟိ၊ လူအချင်းချင်းတို့ကြောင့်။ အမနုဿေဟိ၊ လူမဟုတ်သော နတ်များ ဘီလူးများတို့ကြောင့်။ နဟိံသကာ၊ ညှဉ်းလဲမညှဉ်းဆဲနိုင် ဖျက်လဲမဖျက်ဆီးနိုင် နှိပ်လဲ မနှိပ်စက်နိုင်။

ဂ။ တံဓာရဏပရိတ္တံ၊ ထိုဓာရဏပရိတ်တော်သည်။ ယထာကထမေ၊ အဘယ်မျှလောက် တန်ခိုးကြီးမား အကျိုးများသနည်းဟူမူကား။ ဇာလော၊ တမ္ဘာတသိန်းလုံး ကုန်အောင်လောင်မည့်အခါတပြိုင်နက်ထွက်ပေါ်လာသောနေခုနစ်စင်းလောက်တန်ခိုးကြီး၏။ မဟာဇာလော။ နဂါး-ဂဠုန်-ကုမ္ဘဏ်ယက္ခိုသ် နတ်ဘီလူးတို့ မနှိပ်စက်နိုင်အောင် တားမြစ်နိုင်သော သံကွန်ချာလောက် တန်ခိုးရှိ၏။ ဇာလိတတ္တာ၊ ဒေ-မိုးမင်း ခိုးသူ-မချစ်မနှစ်သက်လိုသူဟု ဆိုအပ်သော ရန်သူမျိုး

ငါးပါးကို ဖယ်ရှား တားမြစ်နိုင်၏၊ မဟာ ဇာလိတ္တော၊ ဒုဗ္ဘိက္ခန္တရကပ်–သတ္ထန္တရကပ်–ရောဂန္တရကပ်–ဟုဆိုအပ်သော ကပ်သုံးပါးမှလွတ်နိုင်၏၊ ပုဂ္ဂေ၊ အမိခမ်းတွင်းမှာ ပဋိသန္ဓေ နေရပါသော်–အ,ချွင်း၊ ဆွံ့ခြင်း၊ နားပင်းခြင်း၊ ရူးခြင်း၊ စိတ်လွင့်သူဖြစ်ခြင်းတို့မှ လွှတ်ကင်းနိုင်၏၊ မဟာပုဂ္ဂ၊ သစ်ပင် ဘောင်ဝှမ်း ချောက်ကမ်းပါး လေယာဉ်ပျံပေါ်က ကျပြား သော်လည်း မသေနိုင်။ သမ္ဗတ္တော၊ မရသေးသော ရာထူး ဂုဏ်သိရ် စည်းစိမ်ဥစ္စာတို့ကိုလည်း ရနိုင်၏။ မဟာသမ္ဗတ္တော၊ ရ,ထားခဲ့သော ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာတို့သည်လည်း တိုးတက်နိုင်၏၊ ဘူဘာဂိဒ္ဓိ၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အရာရာမှာ မသိမှု အမှောင်ရှင်း၍ သိမြင်သောအလင်းကို ရနိုင်၏။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဓေါ်ပန၊ အစစ်အားဖြင့်။ ဣမံ ဓာရဏပရိတ္တံ၊ ဤဓာရဏပရိတ်တော်ကို။ သတ္တသတ္တောဟိ သမ္မာသမ္ဗုဒ္ဓကောဋိဟိ၊ ခုနစ်ဆယ့် ခုနစ်ကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဤမျှလောက် တန်ခိုးကြီးမား အကျိုးများ၏ဟု ဟောတော်မူခဲ့၏။

ဝဒ္တော၊ ကောင်းတာဖြစ်၏၊ အဝတ္တော၊ မကောင်းတာ မဖြစ်။ ဂန္ဓဝေ၊ သတင်းကောင်းသာ ထွက်လာ၏။ အဂန္ဓဝေ၊

သတင်းဆိုးမထွက်။ နောမေ၊ စိတ်ချမ်းသာ၏။ အနောမေ၊ စိတ်မဆင်းရဲရ။ သောဝေ၊ ကိုယ်ချမ်းသာအောင် ပြောဆိုပြုလုပ်ပေးတတ်သော လူဟုတ် လူဟန်တို့နှင့်သာ ပေါင်းသင်းမိ၏။ အသောဝေ၊ ကိုယ့်အကျိုးယုတ်အောင် ပြောတတ် လုပ်တတ်သော လူနုတ် လူယုတ်တို့နှင့် မပေါင်းသင်းမိ။ ကာယေ၊ ကြွက်သရေရှိသော ကိုယ်ဖြစ်လာ၏။ အကာယေ၊ ကြွက်သရေယုတ်သောကိုယ်မဖြစ်ရ။ ဓာရဏေ၊ ကုသိုလ်ကောင်းမှုကိုသာဆောင်ရွက်ခွင့်ရ၏။ အဓာရဏေ၊ မကောင်းမှု အကုသိုလ်ကို ပယ်ထုတ်နိုင်၏။ ဣလ္လိ၊ ကောင်းသောအိပ်မက်ကိုသာ မြင်မက်၏။ မိလ္လိ၊ မကောင်းသော အိပ်မက်ကို မမြင်မက်။ တိလ္လိ၊ ကောင်းသော တိတ်နိမိတ်ကိုသာ မြင်တွေ့ရ၏။ မိလ္လိ၊ မကောင်းသော တိတ်နိမိတ်ကို မမြင်မတွေ့ရ။ ယောဂ်ရုက္ခေ၊ သေလောက်သော သစ်ပင်များပင် ပြန်ရှင်နိုင်၏။ မဟာယောဂ်ရုက္ခေ၊ ရှင်နေသော သစ်ပင်များ ရှေးကထက်စည်ကားသီးပွင့်လာ၏။ ဘုတင်္ဂမို၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အရာရာမှာ မသိမှု အမှောင်ရှင်း၍ သိမြင်သော အလင်းကို ရနိုင်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဓေါပန၊ အစစ်အားဖြင့်။ ဣမံဓာရဏပရိတ္တံ၊ ဤဓာရဏပရိတ်တော်ကို။ နဝနဝုတိယာ

(၃) တတိယအကြိမ်

သမ္မာသမ္ဗုဒ္ဓကောဋ္ဌိဟိ၊ ကိုးဆယ့်ကိုးကုဋေကုဋ်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဤမျှလောက်တန်ခိုးကြီးမားအကျိုးများ၏ဟု ဟောတော်မူခဲ့၏။

၉။ ဒိဋ္ဌိလာ၊ ကိုယ့်ကိုမကောင်းကြံသူတို့၏ အကြံအစည်ကိုလည်းသိနိုင်၏။ ဒဏ္ဍိလာ၊ ဓား, လှံ, သေနတ်စသည်တို့ဖြင့် ခုတ်ထိုး ပစ်ခတ်သော်လည်း မထိနိုင်။ မန္တိလာ၊ အင်းအိုင်ဂါထာ မန္တန်တို့ သည်လည်း အစွမ်းထက်၏။ ရောဂိလာ၊ ရောဂါ အမျိုးမျိုးတို့ကိုလည်း ပျောက်စေနိုင်၏။ ခရလာ၊ အခံရခက်သော ရောဂါ ရုပ်ပျက်ဆင်းပျက် ရောဂါတို့ မစွဲကပ်နိုင်။ ဒုဗ္ဘိလာ၊ ကြိုးနှင့် တုပ်ထားခြင်း၊ လက်ထိပ် ခတ်ထားခြင်း၊ ထောင်သွင်း အကျဉ်းချထား ငြားသော်လည်း လွတ်စေနိုင်၏။ ဟုပါ၊ ဤသို့။ ဗုဒ္ဓဗုဒ္ဓဟိ၊ ဘုရားဆူဆူတို့သည်။ ဘာသိတံ၊ ဤမျှလောက်အကျိုးရှိ၏ဟု ဟောတော်မူခဲ့၏၊ ဧတေနသစ္စဝဇ္ဇေန၊ မာရဏပရိတ်ဘော် တန်ခိုးသည် ဤမျှလောက် အကျိုးရှိနိုင်သည်ဆိုသောစကားသည် မှန်ကန်သောကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ မေ၊ ကျွန်ုပ်အား။ သောတ္ထိ၊လူလည်းကျန်းမာ စိတ်လည်းချမ်းသာဘေးဘယာယ ပစ္စည်းဥစ္စာ ကြွယ်ဝသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မိတ္ထီလာမြို့
ဝိသုဒ္ဓါရာမ-မဟာသတိပဋ္ဌာန်ရိပ်သာ
ယောဂီတဦး ရေးသားလိုက်သော
ဝေဒနာအမျိုးမျိုး ပျောက်ကင်းနိုင်သည့်

# မြင်းခွာရွက် သမိုင်း

---

မြင်းခွာရွက်၏ တန်ခိုး အာနိသင်များကို စတင် သိရှိရသည်မှာ လွန်ခဲ့သော ၁၇-နှစ်လောက်ကသဲကပင် ရန်ကုန်မြို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်မှ ရိုက်ထုတ် လိုက်သော "ရသေ့တို့ လျှောက်ထုံး" နှင့် (၁၁-၃-၄၁) နေ့ထုတ် တိုးတက်ရေး သတင်းစာတွင် ပျဉ်းမနားမြို့ဟောင်း ခေတ်သစ် ဆရာတဦးက ဇေတနာအလျောက် ရေးသားကြော်ငြာခြင်းကို တွေ့မြင်ဘတ်ရှုရခြင်းကြောင့် ဖြစ်ပေသည်။

သို့သော်-ယုံကြည်မှုမရှိသေး၍ ကိုယ်တိုင် ကျနစွာ မစားခဲ့ပေ။ နောက်ဆုံး ၁၉၅၇-နှစ်ကျမှ မြန်မာနိုင်ငံတော် ဘာသာပြန် စာပေအသင်းမှ ရိုက်နှိပ်လိုက်သော "အသက်

ရှည်စေလို” စာအုပ် စာမျက်နှာ ၂၃၀–တွင် ရောဂါမျိုး (၉၆) ပါး ကာကွယ် ကြောင်းနှင့် တရုပ်နိုင်ငံ ပါကင် တက္ကသိုလ်မှ ပါမောက္ခ လီချင်ယိုကိုယ်တိုင် စုံစမ်းသိ၍ပြီး အသက်ထက်ဆုံး မြင်းခွာရွက်ကို မှီဝဲ သုံးဆောင်လာရာ၊ အသက် ၂၅၆–နှစ်တွင် ကွယ်လွန်သွားကြောင်းကို ထပ်မံ ဘာသာရှုရပါမှ မယုံဘယုံနှင့်ပင် ကိုယ်တိုင်နေ့တိုင်းစားသုံးလာ ရာ ကာလလေးသက်ရှည်ပင် မကြုံစဘူး ထူးကဲသော အကျိုး များကို ခံစားရပေတော့သည်။ ဤသို့ ယုံကြည်ချက်ဖြင့် နေ့ တိုင်း စွဲမြဲစားသုံးသူများမှာလည်း ထိုနည်းအတူပင် ကျေးဇူး ခံစားကြရပေသည်၊ အဆိုပါ စာအုပ်ကိုလည်း ဘတ်ကြပါ လေ၊ ပြန်ကြားရေးဌာနနှင့် စာဘတ်ရုံများတွင် ရှိဘတ်ပါ သည်၊ ၎င်းစာအုပ်တွင် အချိန်အဆနှင့် စားရန်ရှိသော်လည်း လက်တွေ့မှာ များများစားလေ ကျေးဇူးများလေ ဆိုတာကို တွေ့ရပါသည်။

မြင်းခွာရွက် အနွယ်ကို ရေကြည်လာသည့် တိုင်အောင် အကြိမ်ကြိမ်ရေနှင့်ဆေး၊ အမှိုက်များရွေးပြီး နေရိပ်ထဲတွင် လေသာလပ်ခံ၍ ခြောက်သည့်တိုင်အောင် ဖြန့်ထား ရမည်။ နေပူထဲတွင် မလှမ်းမိရန် အထူး သတိထားရမည်။ သွေ့

ခြောက်လာသောအခါ ဆုံကြီးကြီးတွင်ထောင်း ရုတ်တရက် မညက်နိုင်သော အသီးနှင့် အမြစ်များကို ခွဲခြမ်း၍ အပိုင်းပိုင်းစင်းပြီး လဘက်ခြောက် ခတ်သလို ၁၅-ရက်လောက် သောက်ကြည့်စမ်းပါ။ ထိုရက်အတွင်း လဘက်ခြောက်ရေကိုမသောက်ဘဲ ဖြတ်ထားလျှင် သာ၍ကောင်း၏။ သာ၍လည်း ထင်ရှားစွာ သိသာ၏၊ ဆီး-လေ-ဝမ်း-ကောင်း လာလိမ့်မည်။ ဝမ်းအသက်များသူ သောက်လျှင် ဝမ်းအသက်နည်းသွားလိမ့်မည်။ ဝမ်းချုပ်သောသူ သောက်လျှင် ဆားအနည်းငယ်ထည့်၍ သောက်ပါ။ ဆီး-လေ-ဝမ်း-ကောင်းလာသည့်အပြင် အစာ အလွန် ကြေလွယ်ပေသည်။ ခြေဆီလက်ဆီ ခမ်းခြောက်သူများမှာပင် ခြေဆီ လက်ဆီများ ထွက်လာပေသည်။ ရာခိုင်နှုန်း လူ ၁၀၀-လျှင် ၉၀-ကျော်လောက် အဆိုပါ ကျေးဇူးများ ခံစားကြရလိမ့်မည်ကိုတွေ့ကြရလိမ့်မည်။အရွက်ခြောက်ထက် အစိုလတ်လတ်ဆတ်ဆတ်က ပို၍ တန်ခိုးသြဇာရှိ၏။ အထူးသဖြင့် ရှမ်းပြည်၊ ကျောက်ဆည်မြို့နှင့် အောက်မြို့ ကျေးရွာမှ မြင်းခွာရွက်ကပို၍ အနံ့အရသာကောင်း၏။ သုတ်၍သော်၎င်း၊ ငါးပိရေနှင့် တို့၍သော်၎င်း အမျိုးမျိုးသော နည်းဖြင့် ဝမ်းထဲရောက်အောင်

စားနိုင်သလောက်စားပါ၊ နေ့တိုင်းစားနိုင်မှ မြန်မြန်အကျိုးကျေးဇူးခံစားရပေသည်။

သေွးထွက်သံယိုနှင့်အပူလောင်ဟူသမျှတို့၌ ကြိတ်၍လည်း အုံ၊ သို့မဟုတ် အရေကို ထူထူ လိမ်းပေးက တူးခြားစွာ သက်သာခွင့်ရ၏၊ နေ့စဉ်အမြဲစားရန် အခြားနည်းတနည်း မှာ အထက်တွင်ဖေါ်ပြထားခဲ့သော မညက်နိုင်သည့် အဖြူးကိုဖယ်ထား၍ ကျန်ရှိသောအမှုန့်များကို ပေါင်ဒါကဲ့သို့နေအောင်ထောင်းပြီး ၁၀-သားနှင့် ငြုတ်ကောင်းထောင်းပြီး ၂-ကျပ်ခွဲသားတို့ကို ပျားရည် သင့်တော်ရုံရောပြီး နေသုံးကြိမ်လှမ်း၊ ပျားရည် ခမ်းသွားတိုင်း နောက်ထပ်ပျားရည် ထည့်၊ နောက်ဆုံးအခါ ဇီးကင်းခန့်လုံး ခြောက်အောင် ထပ်၍နေလှမ်းပြီး လေလုံပုလင်းတွင်ထည့်၊နံနက်,ည တလုံးစီ စားလေ၊ အရည်စားလိုက နောက်ထပ်ပျားရည် သင့်တော် ရုံထည့်၊ ည,နံနက် ကော်ဖီဇွန်းငယ်နှင့် တဇွန်းစီစားပါလေ။

ကိုယ်တွေ့ချင့်ချိန်၍ ပိုပြီးစားနိုင်လျှင်လည်း ကောင်း၏။ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း (၁) မြင်းခွာရွက်ပြုတ်ရေ၊ (၂)ပျားရည်နှင့် တေပြီးသော ဆေးနှစ်မျိုးစလုံးကို ၁၀-ရက် ၁၅-ရက်လောက်၊ နေ့စဉ်မပြတ် စားသောက်ကြည့်လျှင်

ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်း၍ ဘယ်လိုရောဂါတွေကို ကာကွယ်ကြောင်း ဖှင်းဆေးကပင် သက်သေခံပါလိမ့်မည်၊ မြန်မာ အဘိဓမ္မာနှင့် ဘိုဓေ္ဒှာ ဆေးကုနည်းများသည် ကံ-စိတ်-ဥတု အာဟာရကြောင့် ဓာတ်လေးပါး ဖောက်ပြန်ခြင်းဟု ဆိုအပ်သော ရောဂါ အမျိုးမျိုး (ဝါ) အကျိုးတရားအမျိုးမျိုးကို ဓာတ်လေးပါး ညီညွတ်အောင် ပြုပြင်ခြင်းဖြင့်သာ ကုစားရာ၏။ ထိုဓာတ်လေးပါးညီညွတ်မှုကိုလည်း ကံ-စိတ်-ဥတု အာဟာရဟူသော အကြောင်းတရား လေးပါးဖြင့်သာ ပြုပြင်ပေးရာ၏။ ဤကုထုံးနည်းများကို နိုင်ငံခြား ဆေးဝိဇ္ဇာများ သိမှတ်ကြပေသည်။ ထို့ကြောင့် မြန်မာဆေးနှင့် ကုစားနည်းမျိုးကို အထင်အမြင်မသေးကြဘဲ ဤမြင်းခွာရွက်ဆေးများကိုလည်း သုံးကြည့်စွာနှင့် စားသုံးသော ဘဝသို့ ရောက်ကြပါစေသော်ဟု စေတနာထက်သန်စွာဖြင့် ဆုတောင်းလိုက်ရပါသတည်း။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ၊ ခပ်သိမ်းကုန်သော သတ္တဝါ အပေါင်းတို့သည် - အာဟာရကိုလည်း အားကိုးအားထားပြု၍ ထောက်ရာတည်ရာရကြကုန်၏ဟု ဗုဒ္ဓမြတ်စွာ ဟောခဲ့ပါ၏။

ထို့ပြင်.... သက္ကတေဝဇရာယ ပဋိကမ္မ ကာတုံ--ဟူသေ နေ့တ္တိပါဠိတော်အရ၊ ဇရာယ၊ အိုခြင်းတရားကို။ ပဋိက ကာကွယ်ခြင်း အမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကတေ စွမ်းဆောင်နိုင်သည်သာတည်း ဟူသောဘုရားရှင်၏ တရ တော်အတိုင်း အသက် ဇရာဘမ်းမှာပင် အသက် တရ ငါးရာ၊ တထောင်စသဖြင့် နေနိုင်သော နည်းလမ်းသ အမှန်ပင်ရှိကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောခဲ့ပါ၍ယုံကြည်၊ စားသုံးတော် မူကြပါရန် လေးမြတ်စွာ တိုက်တွန်းလိုက် ပါသတည်း။

---

ဘာသာရေးခွင့်ပြုချက် (၅၆၄၆)
ထုတ်ဝေသူ။ ။ဦးပလော (၀၁၁၄၀) မြ
စကြာစာပေ- ၇၇၊ ၁၅၅- လမ်း။
တာမွေ၊ ရန်ကုန်မြို့။
ပုံနှိပ်သူ။ ။ဦးစိန်လင်း (၀၇၂၀) ရတနာသိရိပုံနှိပ်တိုက်၊
၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာ၊
စာအုပ်ရေ ၅၀၀၀ (တတိယအကြိမ်)
၁၃၃၄-ခု၊ ပ-ဝါဆိုလပြည့်ကျော် (၁၂) ရက်
အဖုံးရိုက်။ ။သစ္စာ။ ၁၇၊ သမဒ္ဒိလမ်း၊ ကျောက်မြောင်း

# ရှင်အရဟံ ပုတီးစိပ်နည်း

စာအုပ်ရနိုင်သောဌာန

ဦးထွန်းလူစာပေ
အမှတ် - ၁၃၊ ၁၄၆ - လမ်း၊ ရန်ကုန်မြို့။
ဖုံး - ၅၀၇၄၆

ဦးထွန်းစိန် - ဒေါ်မြရွှေ
အမှတ် ၄၇၊ ဘုရားကြီးအရှေ့မုခ်၊ ရန်ကုန်မြို့။
ဖုံး - ၅၁၉၂၃